**ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံ အခြေအနေ - ပုဒ်မ ၁၅ (၈) လုပ်ငန်းစဉ်**

**မေးခွန်းများ နှင့် အဖြေများ (အမေးနှင့်အဖြေ)**

## ဘာကြောင့် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ဟုခေါ်ပါသလဲ။

နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ဆိုသည်မှာ လူသားမျိုးနွယ်တို့သိထားသည့် အဆိုးရွားဆုံးသော ရာဇဝတ်မှုများမှ တာဝန်ရှိသူများကို တရားစီရင်ရန်အတွက် ဥပဒေဖြင့်သတ်မှတ်ပြဌာန်းထားသည့် အမြဲတမ်းခုံရုံး ဖြစ်ပါသည်။ ဤသို့တရားစီရင်ခြင်းအားဖြင့် နိုင်ငံတကာရာဇဝတ်ခုံရုံးသည် ထိုရာဇဝတ်မှုမျိုးများနောင်အနာဂတ်တွင်ဖြစ်ပွားခြင်းကို ကာကွယ်ရာ၌ အကူအညီဖြစ်စေပါသည်။
နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိသည့် ရာဇဝတ်မှုများမှ နစ်နာသူများသည် သင့်လျော်သည်ဟုယူဆထားသော တရားစွဲဆိုစစ်ဆေးစီရင်ခြင်းအဆင့်များတွင် မိမိတို့၏အမြင်များနှင့် စိုးရိမ်ပူပန်မှုများကို ICC တရားသူကြီးများထံသို့ တင်ပြခွင့်ရှိပါသည်။ ဤသည်ကို နစ်နာသူ ပါဝင်ခြင်း ဟုခေါ်ပြီး ထို ပါဝင်ခြင်း သည် တရားစွဲဆိုစစ်ဆေးစီရင်ခြင်း၏ အဆင့်တစ်ခုစီအလိုက် ကွာခြားပါသည်။

## နစ်နာသူများသည် <u>ယခုမှစ၍ အောက်တိုဘာလ ၂၈ ရက် ၂၀၁၉ ခုနှစ်အတွင်း</u> ဘာတွေလုပ်ဆောင်နိုင်မလဲ။

အောက်တိုဘာလ ၉ရက် ၂၀၁၆ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိရိုဟင်ဂျာအရပ်သားလူထုအပေါ် ကျူးလွန်ခဲ့သည် ဟုဆိုသော နိုင်ငံမှနှင်ထုတ်ခြင်း၊ အခြားလူမဆန်သောလုပ်ရပ်များ လုပ်ဆောင်ခြင်းနှင့် ဖိနှိပ်ညှင်းပန်းခြင်းစသော လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်အတွက် တရားသူကြီးများမှ ခွင့်ပြုချက်ကို ICC ၏ အမှုလိုက်ရှေ့နေသည် ဂျူလိုင်လ ၄ ရက် ၂၀၁၉ခုနှစ်၌ လျှောက်ထားခဲ့ပါသည်။ (ဂျူလိုင်လ ၄ ရက် ၂၀၁၉ခုနှစ်မှ အမှုလိုက်ရှေ့နေ၏လျှောက်ထားချက်တွင် ကြည့်ရန်)
ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံ အခြေအနေနှင့်ပတ်သက်၍ ဂရုပြုရန် အရေးကြီးသည်မှာ ခုံရုံးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ပတ်သက်၍ ရောမဥပဒေစတင်အသက်ဝင်သည့်နေ့ဖြစ်သော ဇွန်လ ၁ရက် ၂၀၁၀ခုနှစ်နောက်ပိုင်း ကျူးလွန်ခဲ့သည့် အမှုလိုက်ရှေ့နေ၏လျှောက်ထားချက်တွင်ဖော်ပြထားသော လူသားမျိုးနွယ်ပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများ အပေါ်တွင် တရားစီရင်ပိုင်ခွင့်ရှိပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံမှ နှင်ထုတ်ခြင်းခံခဲ့ရသော နစ်နာသူများ နှင့်/သို့မဟုတ် ဇွန်လ ၁ရက် ၂၀၁၀ခုနှစ်နောက်ပိုင်းတွင် ကျူးလွန်ခဲ့သည့် ဆက်စပ်သောရာဇဝတ်မှုများကြောင့် ထိခိုက်နစ်နာခဲ့ရသော နစ်နာသူများ သည် တင်ပြချက်များကို ပြုလုပ်နိုင်ပါသည်။
နစ်နာသူ သင်သည် စုံစမ်းစစ်ဆေးခြင်းအား လိုချင်သည် သို့မဟုတ် မလိုချင်သည်ကို တရားသူကြီးများထံသို့ ယခုပြောနိုင်ပြီး ထိုကိစ္စနှင့်ပတ်သက်သည့် သင်၏အခြားအမြင်များ နှင့် စိုးရိမ်ပူပန်မှုများကိုလည်း တင်ပြနိုင်ပါသည်။ ဤသည်ကို "နစ်နာသူများ၏ တင်ပြချက်များ" ဟုခေါ်ပါသည်။ ထိုတင်ပြချက်သည် နစ်နာသူများတွင်ရှိနေနိုင်သည့် ဖြစ်နိုင်သောမည်သည့်စိုးရိမ်ပူပန်မှုမျိုးကိုမဆို တရားသူကြီးများမှ နားလည်သဘောပေါက်နိုင်စေရန် အထောက်အကူဖြစ်လိမ့်မည်ဖြစ်သည်။ အရေးကြီးဆုံးအချက်မှာ ထိုတင်ပြချက်သည် တရားသူကြီးများမှ အမှုလိုက်ရှေ့နေ၏စုံစမ်းစစ်ဆေးရန် လျှောက်ထားချက်ကို ခွင့်ပြုသင့်မသင့် ဆုံးဖြတ်ရာတွင် အကူအညီပေးနိုင်လိမ့်မည်ဖြစ်သည်။ သင်သည် ကျူးလွန်ခံခဲ့ရသော ရာဇဝတ်မှုများကို သက်သေပြရန် မလိုအပ်ပါ။ အဖြစ်အပျက်များနှင့် သင်ခံစားခဲ့ရသော ထိခိုက်နစ်နာမှုများကိုသာ ဖော်ပြရန် လိုအပ်ပါသည်။

ICC သို့ နစ်နာသူတင်ပြချက်များကို တင်သွင်းရမည့် နောက်ဆုံးရက်မှာ <u>အောက်တိုဘာလ ၂၈ ရက် ၂၀၁၉ခုနှစ်</u> ဖြစ်ပါသည်။

*<u>တင်ပြချက်ပြုလုပ်ချင်သူမည်သူမဆိုသည် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ခံ့ရုံးမှ သင်တန်းအချို့ သို့မဟုတ် ရှင်းလင်းချက်များကို ရထားနှင့်ပြီးဖြစ်သောတစ်စုံတစ်ယောက်ထံသို့ ပထမဦးစွာ အကူအညီတောင်းသင့်သည်ဟု နိုင်မာစွာအကြံပြုပါသည်။ ထိုတစ်စုံတစ်ယောက်သည် အရပ်ဖက်အဖွဲ့ အစည်းတစ်ခု၊ ရှေ့နေ သို့မဟုတ် အခြားသူတစ်ယောက် ဖြစ်နိုင်ပါသည်။</u>*

## နစ်နာသူများသည် တင်ပြချက်ကို တင်သင့်၊ မတင်သင့် ဆုံးဖြတ်ခြင်းမပြုမီ မည်သည်တို့ သိထားသင့်ပါသလဲ။

အစကတည်းက သိရှိထားရန် အရေးကြီးသည်မှာ ICC လုပ်ငန်းစဉ်သည် -

- အချိန်ကြာမြင့်နိုင်ပြီး တစ်စုံတစ်ယောက်သည် အပြစ်ရှိသည်ဟူသောအကျိုးဆက် မရနိုင်ခြင်းလည်း ဖြစ်နိုင်သည်။
- သင်၏အခွင့်အရေးများပြန်လည်ရရှိနိုင်ခြင်း သို့မဟုတ် မြန်မာနိုင်ငံသို့လုံခြုံစွာ ပြန်လည်ပို့မှု ခံရနိုင်ခြင်း တို့နှင့် မသက်ဆိုင်ပါ။ ၄င်းတို့ဖြစ်နိုင်မည်ဟုလည်း အာမ မခံနိုင်ပါ။
- ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အထောက်အပံ့နှင့် အကူအညီအစီအစဉ်တို့ကို သင်ရယူနိုင်ခြင်းအပေါ် သက်ရောက်မှု ရှိလိမ့်မည် မဟုတ်ပါ။

*<u>နောက်ထပ်သိရှိထားရန် အရေးကြီးသည်မှာ လက်ရှိ နစ်နာသူတင်ပြချက်လုပ်ငန်းစဉ်သည် တရားစွဲဆိုစစ်ဆေးစီရင်ခြင်းများတွင်ပါဝင်နိုင်ရန် သို့မဟုတ် ICC၏ရှေ့မှောက်တွင် ကျေရာကျေကြောင်း ပြန်လည်ပေးဆပ်ခြင်းများကိုရရှိနိုင်ရန်တို့အတွက် လျှောက်ထားခြင်းလုပ်ငန်းစဉ် မဟုတ်ပါ။</u>* တင်ပြချက်တင်သွင်းခြင်းအားဖြင့် ဖြစ်နိုင်ခြေရှိသောအနာဂတ်တရားရေးရာ ဆောင်ရွက်ခြင်းများတွင် ပါဝင်နိုင်ခြင်း သို့မဟုတ် ကျေရာကျေကြောင်းပြန်လည်ပေးဆပ်ခြင်းများ တောင်းဆိုနိုင်ခြင်းတို့ကို အလိုအလျောက် ပြုလုပ်နိုင်မည် မဟုတ်ပါ။ အကယ်၍တရားသူကြီးများက အမှုလိုက်ရှေ့နေအား စုံစမ်းစစ်ဆေးမှုစတင်ရန် ခွင့်ပြုလိုက်မည် ဆိုလျှင် တရားရေးရာဆောင်ရွက်ခြင်းများတွင်ပါဝင်ခြင်း နှင့်/သို့မဟုတ် ကျေရာကျေကြောင်းပြန်လည်ပေးဆပ်ခြင်း တို့အတွက် သီးခြားလျှောက်ထားရန် နောက်ပိုင်းအဆင့်တွင် လိုအပ်လိမ့်မည်ဖြစ်သည်။

## ICC ၏ ရှေ့မှောက်တွင် မည်သူကို "နစ်နာသူ" ဟု ယူဆပါသလဲ။

အကယ်၍ သင် သို့မဟုတ် မိသားစုအရင်းအချာတစ်ယောက် သည် ICC ၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ မည်သည့်ရာဇဝတ်မှုကြောင့်ဖြစ်စေ ထိခိုက်နစ်နာခြင်းကိုခံစားခဲ့ရလျှင် သင်သည် နစ်နာသူတစ်ယောက် ဖြစ်သည်ဟု ICC မှ ယူဆပါသည်။
အဖွဲ့အစည်းများ နှင့် လုပ်ငန်းအဖွဲ့အစည်းများ(အင်စတီကျူးရှင်းများ)၏ သေချာသောရည်ရွယ်ချက်များ (ဘာသာရေး၊ ပညာရေး၊ အနုပညာ သို့မဟုတ် သိပ္ပံပညာရပ် သို့မဟုတ် ပရဟိတ နှင့် လူသားချင်းစာနာထောက်ထားသော ရည်ရွယ်ချက်များ သို့မဟုတ် သမိုင်းဝင်နေရာများ နှင့် ဆေးရုံများ)ဖြင့် အသုံးပြုနေသောပိုင်ဆိုင်မှုများသည် ICC ၏တရားစီရင်ပိုင်ခွင့်အတွင်းရှိ မည်သည့်ရာဇဝတ်မှုကြောင့်ဖြစ်စေ ထိခိုက်နစ်နာသောအခါ ၄င်းအဖွဲ့အစည်းများ နှင့် လုပ်ငန်းအဖွဲ့အစည်းများသည်လည်း နစ်နာသူများတွင်ပါဝင်နိုင်ပါသည်။
ဤပုံစံကိုဖြည့်စွက်ရန် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှင်ထုတ်ခြင်းရာဇဝတ်မှု နှင့် အခြားဆက်စပ်သော ရာဇဝတ်မှုများ ခံစားခဲ့ရသူအားလုံးအား လိင်၊ အသက်၊ လူမျိုး၊ ဘာသာ၊ လူမျိုးစု၊ မသန်စွမ်းမှု သို့မဟုတ် အခြား တို့ ထည့်သွင်းစဉ်းစားခြင်းမပြုပဲ ကြိုဆိုပါသည်။ ဆိုလိုသည်မှာ မိန်းမများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံခဲ့ရသူများ စသောသူတို့အား တင်ပြချက်များ တင်သွင်းရန် ကြိုဆိုပါသည်။

**နစ်နာသူတင်ပြချက် တင်သွင်းခြင်း နှင့် သက်သေအဖြစ် ICC ရှေ့မှောက်တွင် သက်သေထွက်ဆိုခြင်းတို့သည် မည်သို့ကွာခြားပါသလဲ။**

နစ်နာသူတင်ပြချက်များသည် ကိုယ်တိုင်သဘောဆန္ဒအရ ပြုလုပ်ခြင်းဖြစ်ပြီး အမှုလိုက်ရှေ့နေမှ စုံစမ်းစစ်ဆေးခြင်းကိုခွင့်ပြုရန်အတွက်လျှောက်ထားချက်နှင့် ပတ်သက်သော နစ်နာသူများ၏ကိုယ်ပိုင်အမြင်များ နှင့် စိုးရိမ်ပူပန်မှုများအား တရားသူကြီးများထံ သိရှိစေခြင်းလည်း ပါဝင်သည်။
တင်ပြချက်သည် နစ်နာသူထွက်ဆိုချက်မဟုတ်ပါ။ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုစစ်ဆေးစီရင်ခြင်းများတွင်လည်း သက်သေအဖြစ်မသတ်မှတ်ပါ။ နစ်နာသူတင်ပြချက်ကို တင်သွင်းခြင်းသည် အလားအလာရှိသော အနာဂတ်တရားစွဲဆိုစစ်ဆေးစီရင်ခြင်းများတွင် တရားလိုအမှုလိုက်ရှေ့နေ၊ တရားခံရှေ့နေ သို့မဟုတ် နစ်နာသူများ၏ဥပဒေကိုယ်စားလှယ် အတွက် တရားခုံရုံး၌သက်သေထွက်ဆိုရန် ဆင့်ခေါ်ခံရသော သက်သေဖြစ်နိုင်သည့် နစ်နာသူ၏ အခန်းကဏ္ဍ နှင့် လုံးဝကွာခြားပါသည်။
ဆက်စပ်သောမေးခွန်းများဖြေကြားခြင်း နှင့် သက်သေထွက်ဆိုခြင်းတို့ကို များသောအားဖြင့် တရားခွင်တွင် လူကိုယ်တိုင်လာရောက်ထွက်ဆိုခြင်းဖြင့် သက်သေအထောက်အထားပေးရန်အတွက် တရားလိုအမှုလိုက်ရှေ့နေ၊ တရားခံရှေ့နေ၊ နစ်နာသူများ၏ဥပဒေကိုယ်စားလှယ် သို့မဟုတ် တရားရေးခုံအဖွဲ့သည် တရားစွဲဆိုစစ်ဆေးစီရင်ခြင်း၏ တိကျသောအချိန်တစ်ခု၌ သက်သေများကို ဆင့်ခေါ်ပါသည်။
အချို့သောနစ်နာသူများသည် တရားစွဲဆိုစစ်ဆေးစီရင်ခြင်းတွင် သက်သေများအဖြစ်ခေါ်ယူခြင်းခံရနိုင်သော်လည်း ထိုဖြစ်နိုင်ခြေသည် နစ်နာသူတင်ပြချက် လုပ်ငန်းစဉ်နှင့် ဆက်စပ်ခြင်းမရှိပါ။

**မည်သို့သော ထိခိုက်နစ်နာမှုမျိုးကို ICC တရားသူကြီးများက ထည့်သွင်းစဉ်းစားပါသလဲ။**

ခုံရုံးမှ ကိုင်တွယ်ဆောင်ရွက်ရသောရာဇဝတ်မှုများကြောင့် နစ်နာသူခံစားခဲ့ရသည့် ထိခိုက်နစ်နာခြင်းအမျိုးအစားအမျိုးမျိုးကို ICC မှ အသိအမှတ်ပြုထားပါသည်။ ထိုရာဇဝတ်မှုများသည် လူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်အပေါ်တွင် ကာယဒုက္ခဝေဒနာ ကိုဖြစ်စေနိုင်သည့်အပြင် သူ (သို့မဟုတ်) သူမ ခံစားခဲ့(သို့မဟုတ်)မြင်ခဲ့ရသည့်အကြောင်းကြောင့်ဖြစ်သော ထိုသူ၏စိတ်အပေါ်တွင်အကျိုးသက်ရောက်မှုရှိခဲ့သည့် စိတ်ဒုက္ခဝေဒနာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ် ထိခိုက်နစ်နာမှုကိုပါ ဖြစ်စေနိုင်ပါသည်။ ရာဇဝတ်မှုကြောင့် နစ်နာသူ၏ အိမ် သို့မဟုတ် အခြားပိုင်ဆိုင်မှု တို့အပါအဝင် ပိုင်ဆိုင်မှု ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း အစရှိသော ရုပ်ဝတ္ထုထိခိုက်နစ်နာမှု ဆိုသည်ကိုလည်း အသိအမှတ်ပြုနိုင်ပါသည်။ စာသင်ကြားနိုင်ခွင့်ဆုံးရှုံးခြင်း၊ လူမှုအဆင့်အတန်းဆုံးရှုံးခြင်း စသဖြင့် အခြေခံအခွင့်အရေးများချိုးဖောက်ခံရခြင်းများ ကိုလည်း အသိအမှတ်ပြုပါသည်။

ထိခိုက်နစ်နာခြင်း၏ မည်သည့်သက်သေအမျိုးအစားကိုမဆို သင်၏တင်ပြချက်တွင် အထောက်အပံ့ဖြစ်စေရန်အလို့ငှာ ပြဌာန်းရန် မလိုအပ်ပါ။

**လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများ (crimes against humanity) ဆိုသည်မှာ အဘယ်နည်း။**

"လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ" တွင် မည်သည့်အရပ်သားလူထုတစ်စုကိုမဆို ဦးတည်၍တိုက်ခိုက်သော ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျတိုက်ခိုက်မှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ထိုတိုက်ခိုက်မှုအကြောင်းသိရှိလျက်ဖြင့် ကျူးလွန်သောအောက်ဖော်ပြပါလုပ်ရပ်များ ပါဝင်ပါသည်။

လူသတ်ခြင်း။

မျိုးဖြုတ်ခြင်း။

ကျွန်ပြုခြင်း။

နိုင်ငံမှနှင်ထုတ်ခြင်း သို့မဟုတ် လူထုအစုကို အဓမ္မရွှေ့ပြောင်းစေခြင်း။

ထောင်သွင်းအကျဉ်းချခြင်း။

ညှင်းပန်းနှိပ်စက်ခြင်း။

မုဒိမ်းကျင့်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်း၊ အာဏာဖြင့်အတင်းအကြပ် ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်း၊ အဓမ္မကိုယ်ဝန်ဆောင်စေခြင်း၊ အာဏာဖြင့်အတင်းအကြပ် သားကြောဖြတ်စေခြင်း၊ သို့မဟုတ် တူညီသောကြီးလေးမှုရှိသည့် အခြားမည်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမျိုးမဆို။

ခွဲခြားဖော်ပြနိုင်သောအုပ်စုတစ်စုကို နိုင်ငံရေး၊ လူမျိုး၊ နိုင်ငံသား၊ လူမျိုးစု၊ ယဉ်ကျေးမှု၊ ဘာသာရေး သို့မဟုတ် လိင်ဖြစ်တည်မှုရေးရာ ဆိုသောအကြောင်းများ အပေါ်မူတည်ပြီး ဖိနှိပ်ညှင်းပန်းခြင်း။

လူများအား အာဏာဖြင့်အတင်းအကြပ် ပျောက်ကွယ်စေခြင်း။

လူမျိုးအလိုက် အသားရောင်ခွဲခြားမှုနှင့်ဆိုင်သော ရာဇဝတ်မှု။ (the crime of apartheid)

ကြီးမားသော ဒုက္ခဝေဒနာ သို့မဟုတ် ပြင်းထန်သော ကာယ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရကို တမင်တကာဖြစ်စေသည့် အလားတူစရိုက်လက္ခဏာရှိသော အခြားလူမဆန်သည့် လုပ်ရပ်များ။

## နိုင်ငံမှနှင်ထုတ်ခြင်း သို့မဟုတ် လူထုအစုကို အဓမ္မရွှေ့ပြောင်းစေခြင်း ရာဇဝတ်မှု ဆိုသည်မှာ အဘယ်နည်း။

လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများမှ နိုင်ငံမှနှင်ထုတ်ခြင်း သို့မဟုတ် လူထုအစုကို အဓမ္မရွှေ့ပြောင်းစေခြင်းဆိုသောရာဇဝတ်မှုဆိုသည်မှာ နိုင်ငံတကာဥပဒေမှခွင့်ပြုထားသောအကြောင်းများကြောင့်မဟုတ်ဘဲနှင့် လူတစ်ယောက် သို့မဟုတ် တစ်ယောက်ထက်ပိုသောသူတို့ကို နှင်ထုတ်ခြင်း သို့မဟုတ် အခြားနိုင်ထက်စီးနင်းလုပ်ရပ်များပြုလုပ်ခြင်းအားဖြင့် အာဏာဖြင့်အတင်းကြပ် နိုင်ငံတကာနယ်နိမိတ်တစ်ခုအားဖြတ်သန်း၍ ဖယ်ရှားပစ်ခြင်းဖြစ်ပါသည်။ ထိုသူတို့သည် နှင်ထုတ်ခြင်း သို့မဟုတ် ပြောင်းရွှေ့ခြင်းကို ခံရသောနေရာဒေသတွင် ဥပဒေနှင့်လျော်ညီစွာ ရှိနေကြသူများဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် မည်သည့်အရပ်သားလူထုတစ်စုကိုမဆိုဦးတည်၍တိုက်ခိုက်သော ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျတိုက်ခိုက်မှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။

## ဖိနှိပ်ညှင်းပန်းခြင်း ရာဇဝတ်မှုဆိုသည်မှာ အဘယ်နည်း။

ဖိနှိပ်ညှင်းပန်းခြင်း ဆိုသော လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှု ဆိုသည်မှာ လူတစ်ယောက် သို့မဟုတ် တစ်ယောက်ထက်ပိုသောသူများ ကို ၎င်းတို့မည်သူဖြစ်ကြောင်းစရိုက်လက္ခဏာ သို့မဟုတ် အဖွဲ့တစ်စု သို့မဟုတ် အစုအပေါင်းတစ်စုတွင်ပါဝင်ခြင်း ဆိုသောအကြောင်းပြချက်များဖြင့် ထိုသူတို့၏ အခြေခံအခွင့်အရေးများကို ပြင်းထန်စွာချိုးဖောက်ဆုံးရှုံးစေခြင်း ဖြစ်ပါသည်။ ဖိနှိပ်ညှင်းပန်းခြင်းရာဇဝတ်မှုသည် ICC ၏ တရားစီရင်ပိုင်ခွင့်တွင်ရှိသော မည်သည့်အမှုတစ်ခုခုနှင့်မဆို ဆက်စပ်ပြီး ကျူးလွန်ထားခြင်းဖြစ်ရမည်။ ထို့အပြင် ဤရာဇဝတ်မှုသည် နိုင်ငံတကာဥပဒေတွင် ခွင့်မပြုထားသော နိုင်ငံရေး၊ လူမျိုး၊ နိုင်ငံသား၊ လူမျိုးစု၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လိင်ဖြစ်တည်မှုရေးရာ သို့မဟုတ် အခြားသောအကြောင်းများအတွက် ကျူးလွန်ခြင်းလည်းဖြစ်ရမည်။ ဤလုပ်ဆောင်ချက် သည် မည်သည့်အရပ်သားလူထုတစ်စုကိုမဆိုဦးတည်၍တိုက်ခိုက်သော ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျတိုက်ခိုက်မှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။

**အခြားလူမဆန်သောလုပ်ရပ်များ ဆိုသည့် ရာဇဝတ်မှု ဆိုသည်မှာ အဘယ်နည်း။**

အခြားလူမဆန်သောလုပ်ရပ်များဆိုသည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှု ဆိုသည်မှာ ကြီးမားသောဒုက္ခဝေဒနာ (သို့မဟုတ်) ကာယ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ခန္ဓာကိုယ်ကျန်းမာရေး အပေါ်သက်ရောက်သော ပြင်းထန်သောဒဏ်ရာအနာတရ တို့ကို ဖြစ်စေခြင်းဖြစ်ပါသည်။ ချမှတ်ခဲ့သော စီရင်ချက်များကိုအခြေခံသောဥပဒေအရ အောက်ပါလုပ်ရပ်များကို ယခုရာဇဝတ်မှုအမျိုးအစားအောက် တွင် ဥပမာအနေဖြင့် ယူဆနိုင်ပါသည်။

ကိုယ်လက်အင်္ဂါပြတ်တောက်ခြင်း နှင့် အခြား ပြင်းထန်သောကိုယ်ခန္ဓာထိခိုက်နစ်နာခြင်းပုံစံများ၊ ရိုက်နှက်ခြင်းများနှင့် အခြားအကြမ်းဖက်လုပ်ရပ်များ၊ ပြင်းထန်သော ကိုယ်ခန္ဓာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အနာတရ၊ လူမဆန်သော အရှက်ရစေသောအပြုအမူဖြင့်ဆက်ဆံခံရမှု၊ ပြည့်တန်ဆာအဖြစ် အဓမ္မစေခိုင်းခြင်း နှင့် လူများအား အဓမ္မပျောက်ကွယ်သွားစေခြင်း၊ လူမဆန်သောအနေအထားများဖြင့် ချုပ်လှောင်ထားခြင်း၊ ရိုက်နှက်ခြင်းများ၊ အရှက်ခွဲခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခြင်း၊ နစ်နာသူများ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သည့်အခြေအနေများ သို့မဟုတ် ထိုသူတို့တွင် အကြောက်တရားနှင့် အရှက်ကွဲခြင်းခံစားချက်များ ဖြစ်စေနိုင်သည့်အခြေအနေများ အောက်တွင် လုပ်ကိုင်ရမည့် အလုပ်ကြမ်း တာဝန်များ အဓမ္မချထားခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အမျိုးသမီးများကို အဓမ္မ အဝတ်အစားချွတ်ခိုင်းခြင်းနှင့် လူပုံအလည်တွင် ကိုယ်လုံးတီး လျှောက်စေခြင်း။

**နစ်နာသူများသည် ၎င်းတို့၏ အမြင်များနှင့် စိုးရိမ်ပူပန်မှုများကို တစ်ဦးတစ်ယောက်ချင်းအရ သို့မဟုတ် အုပ်စုတစ်စုအရ မည်ကဲ့သို့ တင်ပြရမည်နည်း။**

နစ်နာသူတင်ပြချက်တင်သွင်းခြင်း လုပ်ငန်းစဉ်သည် ကိုယ်တိုင်သဘောဆန္ဒအရ ပြုလုပ်ရခြင်းဖြစ်ပြီး အခမဲ့လုပ်ငန်းစဉ် ဖြစ်ပါသည်။
သင်သည် တင်ပြချက်ကို သင်ကိုယ်တိုင်အတွက်သာ သို့မဟုတ် နစ်နာသူများ အုပ်စုတစ်စုအတွက် တင်သွင်းနိုင်ပါသည်။ သို့မဟုတ် အခြားသူတစ်ယောက်(ဥပမာ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခု) မှ သင်၏အမြင်များကို ကိုယ်စားပြုနိုင်ပါသည်။
အကယ်၍ သင်သည် အောက်တိုဘာလ ၉ရက် ၂၀၁၆ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာအရပ်သားလူထု အပေါ်ကျူးလွန်ခဲ့သည်ဟုဆိုသော နိုင်ငံမှနှင်ထုတ်ခြင်း၊ အခြားလူမဆန်သောလုပ်ရပ်များ နှင့် ဖိနှိပ်ညှင်းပန်းခြင်း အစရှိသည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများကြောင့် ထိခိုက်နစ်နာခဲ့ ပါလျှင် သင်၏အမြင်များကိုတင်သွင်းရန် ကျေးဇူးပြု၍ ဤပုံစံကိုဖြည့်စွက်ပေးပါ သို့မဟုတ် ကိုယ်စားလှယ်တစ်ယောက်ကို သင့်အတွက် ဖြည့်စွက်စေပါ။ အောက်ပါတို့မှ တစ်ခုကို ရွေးချယ်ပါ။

၁။ <u>အွန်လိုင်းပုံစံ</u> - ပုံစံကို အွန်လိုင်းတွင် ဖြည့်စွက်ပါ။ လက်မှတ်ထိုးရမည့်အကွက်တွင် အမှန်ခြစ်ပါ(လက်ရေးဖြင့်ထိုးသော လက်မှတ်မလိုအပ်ပါ)။ ပြီးနောက် ICC ၏ ဝက်ဘ်ဆိုဒ်မှတဆင့် တိုက်ရိုက် တင်သွင်းနိုင်ပါသည်။ တင်သွင်းခြင်းအောင်မြင်ကြောင်း အကြောင်းကြားခြင်းသည် အလိုအလျောက်ဖြစ်ပါသည်။

၂။ <u>PDF ပုံစံ</u> - ပုံစံ၏ PDF ပုံစံမူကို ဒေါင်းလုပ်လုပ်ပါ။ ထို့နောက် ပရင့်ထုတ်၊ လက်မှတ်ထိုးပြီး စာတိုက် သို့မဟုတ် အီးမေးလ်(ဆက်သွယ်ရန်လိပ်စာအချက်အလက်ကိုအောက်တွင် ကြည့်ပါ) မှတစ်ဆင့် ပြန်လည်ပို့ပေးပါ။ လက်ခံရရှိကြောင်းအတည်ပြုချက်ရယူရန် သင်၏စာ/အီးမေးလ်တွင်

ကျေးဇူးပြု၍ ထည့်သွင်းတောင်းဆိုပေးပါ။ အီးမေးလ်ဖြင့်ပေးပို့သောအခါ သင်တွဲထားသောဖိုင်၏ အကြီးဆုံးဖိုင်ဆိုဒ် သည် ၅ မီဂါဘိုက် ထက်ပို၍မရသည်ကို ကျေးဇူးပြု၍ သတိရပေးပါ။

၃။ အသံ၊ ဗီဒီယို သို့မဟုတ် အခြား အီလက်ထရောနစ် ပုံစံမူ - ထိုတင်ပြချက်အမျိုးအစားများတွင် အွန်လိုင်း/PDFပုံစံတွင်တောင်းဆိုထားသော အချက်အလက်များအားလုံး တတ်နိုင်သလောက် အတိုင်းအတာအထိ ပါဝင်ရန် အရေးကြီးပါသည်။ တင်ပြချက်ကို မှတ်တမ်းတင်ရာတွင် ကျေးဇူးပြု၍ လိုရင်းတိုရှင်းပြုလုပ်ပြီး အသံဖမ်း/ဗီဒီယို မှတ်တမ်းတင်ခြင်းအချိန်ပမာဏကို တတ်နိုင်သလောက် ၁၀မိနစ်ထက်နည်းအောင် သေချာပြုလုပ်ပေးပါ။ တင်ပြချက်ပြုလုပ်နေသောသူသည် တတ်နိုင်သလောက် အတိုင်းအတာအထိ အင်္ဂလိပ်ဘာသာဖြင့် ပြောရပါမည်။ သို့မဟုတ် ဗီဒီယိုထဲတွင် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်/စာတန်းများ အစဉ်အလိုက်ပါဝင်ရပါမည်။ သင်၏တင်ပြချက်ကို စာတိုက် သို့မဟုတ် အီးမေးလ်(ဆက်သွယ်ရန်လိပ်စာအချက်အလက်ကို အောက်တွင်ကြည့်ပါ)မှတစ်ဆင့် ပို့နိုင်ပါသည်။ အီးမေးလ်ဖြင့်ပေးပို့သောအခါ သင်တွဲထားသော ဖိုင်၏ အကြီးဆုံးဖိုင်ဆိုဒ် သည် ၅ မီဂါဘိုက် ထက်ပို၍မရသည်ကို ကျေးဇူးပြု၍ သတိရပေးပါ။

ဤတင်ပြချက်ပြီးပြည့်စုံကြောင်းမှတ်ယူနိုင်ရန်အတွက် နောက်ထပ်မည်သည့် စာရွက်စာတမ်းမျှ မလိုအပ်ပါ။

အထူးဂရုပြုရန်

- တင်ပြချက်ပုံစံမဖြည့်စွက်မီ ICC ဝက်ဘ်ဆိုဒ်တွင် ဒေါင်းလုပ်လုပ်နိုင်သော ပုံစံဖြည့်စွက်နည်းလမ်းညွှန်ချက်များ ကိုသေချာစွာဖတ်ပါ။ ပုံစံသည် ပြီးပြည့်စုံပြီး အကောင်ထည်ဖော်ဆောင်ရွက်နိုင်ကြောင်း သေချာရန် ပဓာနကျပါသည်။ ပုံစံဖြည့်စွက်နည်းလမ်းညွှန်ချက်များသည် နစ်နာသူများ သို့မဟုတ် ထိုသူတို့အားကူညီပေးနေသူများ တင်ပြချက်ပုံစံဖြည့်စွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။
- ဤပုံစံကိုဖြည့်စွက်ရာတွင် တတ်နိုင်သလောက်အတိုင်းအတာထိ အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ပေးပါ။ အကယ်၍သင်သည် ပုံစံကို အင်္ဂလိပ်ဘာသာဖြင့် မဖြည့်စွက်နိုင်ပါက ကျေးဇူးပြု၍ VPRS ကိုဆက်သွယ်ပေးပါ။ ကျွန်တော်တို့သည် သင့်အားအကူအညီပေးနိုင်မည့်ပုဂ္ဂိုလ်တစ်ယောက်/အဖွဲ့အစည်းတစ်ခုထံသို့ သင့်ကို ညွှန်းပေးနိုင်ပါသည်။
- မေးခွန်းများအားလုံးကို တတ်နိုင်သလောက်အကောင်းဆုံး ဖြေပေးပါ။ လိုအပ်လျှင် "မသက်ဆိုင်ပါ" သို့မဟုတ် "မသိပါ" ဟု ဖော်ပြပါ။
- ပုံစံတွင် နေရာအကန့်အသတ်များရှိနေသောကြောင့် တတ်နိုင်သလောက်အတိုင်းအတာထိ လိုရင်းတိုရှင်းပြီး တိတိကျကျ ဖြည့်စွက်ပေးပါ။
- အကယ်၍ သင်သည်ကလေးတစ်ယောက်ဖြစ်လျှင် ကိုယ်စားလှယ်တစ်ယောက်ကို သင့်အတွက်ပုံစံဖြည့်ပေးစေပါ။
- နစ်နာသူတစ်ယောက်ချင်းစီ/နစ်နာသူများအုပ်စုတစ်စုချင်းစီသည် တင်ပြချက်ပြုလုပ်ရာတွင် မိမိ၏ အင်တာနက်ကော်နက်ရှင်/ကွန်ပြူတာ၏ လုပ်ဆောင်နိုင်စွမ်း နှင့် လုံခြုံရေးအရေးကိစ္စများအပေါ် မူတည်ပြီး ပုံစံမူတမျိုးထဲကိုသာ (အွန်လိုင်း သို့မဟုတ် PDF) ကျေးဇူးပြု၍ ရွေးချယ်ပေးပါ။

***နစ်နာသူများ အုပ်စုများ၏ ကိုယ်စားပြုလုပ်သော တင်ပြချက်များ -*** အကယ်၍ သင်သည် နစ်နာသူများ အုပ်စုတစ်စုအတွက် တင်ပြချက်ပုံစံကို ဖြည့်စွက်နေသော ကိုယ်စားလှယ်တစ်ဦးဖြစ်လျှင် နစ်နာသူ

အရေအတွက်၊ ၄င်းတို့၏ နိုင်ငံသားများ နှင့် လူမျိုးစုများ၊ လိင်၊ အသက်၊ ပြောဆိုသော ဘာသာစကားများ၊ မြန်မာနိုင်ငံရှိ နေရပ်လိပ်စာ နှင့် လက်ရှိနေရပ်လိပ်စာ တို့ကို ထည့်သွင်းဖော်ပြပါ။
သင်ကိုယ်စားပြုထားသော နစ်နာသူများအားလုံးသည် သင်က သူတို့၏ကိုယ်စား ပုံစံဖြည့်စွက်ပေးမည်ကို သဘောတူညီချက်ပေးပြီးဖြစ်ရန် အရေးကြီးပါသည်။ အုပ်စုလိုက်တင်ပြချက်များအတွက် သင်ကိုယ်စားပြုထားသော နစ်နာသူများ၏နာမည်များ သို့မဟုတ် လက်မှတ်များအား စာရင်းတင်ရန် မလိုအပ်ပါ။ သင်၏နာမည်နှင့် လက်မှတ်တို့ကို ထည့်သွင်းဖော်ပြထားလျှင် လုံလောက်ပါသည်။
ယခုစာရွက်စာတမ်းတွင် ဖော်ပြထားသောအချက်အလက်များနှင့် ပတ်သက်သော မည်သည့် မေးခွန်းမျိုးမဆိုအတွက် ICC မှ "နစ်နာသူများ ပါဝင်ခြင်းနှင့် ကျေရာကျေကြောင်းပြန်လည်ပေးဆပ်ခြင်းများ ဌာန" (VPRS) သို့ အောက်ပါအီးမေးလ်မှတဆင့် ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။ VPRS.Information@icc-cpi.int

စာတိုက်မှတဆင့်အောက်ပါလိပ်စာသို့ -

Victims Participation and Reparations Sections (VPRS)

International Criminal Court – ICC

P.O. Box 19519, 2500 CM, The Hague, The Netherlands

***<u>တင်ပြချက်ပြုလုပ်ချင်သူမည်သူမဆိုသည် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ခုံရုံးမှ သင်တန်းအချို့ သို့မဟုတ် ရှင်းလင်းချက်များကို ရထားနှင့်ပြီးဖြစ်သောတစ်စုံတစ်ယောက်ထံသို့ ပထမဦးစွာ အကူအညီတောင်းသင့်သည်ဟု ခိုင်မာစွာအကြံပြုပါသည်။ ထိုတစ်စုံတစ်ယောက်သည် အရပ်ဖက်အဖွဲ့အစည်းတစ်ခု၊ ရှေ့နေ သို့မဟုတ် အခြားသူတစ်ယောက် ဖြစ်နိုင်ပါသည်။</u>***

**နစ်နာသူများ၏ အမြင်များနှင့် စိုးရိမ်ပူပန်မှုများ သည် ဘာဖြစ်လာမလဲ။**

နစ်နာသူများထံမှ လက်ခံရရှိသော စာရွက်စာတမ်းများသည် ICC တရားသူကြီးများထံသို့သာ ပေးပို့မည်ဖြစ်ပါသည်။ ခွင့်ပြုချက်ရပြီးသား ICCဝန်ထမ်းမှသာ ဝင်ကြည့်နိုင်သော လုံခြုံသည့် အချက်အလက်အစု(ဒေတာဘေ့စ်)ထဲတွင်လည်း သိမ်းဆည်းထားမည်ဖြစ်ပါသည်။ ထိုအချက်အလက်များအား ICCအမှုလိုက်ရှေ့နေနှင့် မျှဝေသင့်မသင့်ကို တရားသူကြီးများက ဆုံးဖြတ်နိုင်ပါသည်။ ICC သည် နစ်နာသူများ၏အမြင်များနှင့် စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်သည့် အစီရင်ခံစာကို ပြင်ဆင်လိမ့်မည်ဖြစ်ပါသည်။ မူရင်းအစီရင်ခံစာအပြည့်အစုံကို တရားသူကြီးများထံသို့ ပို့မည်ဖြစ်ပြီး မည်သူဖြစ်ကြောင်းသိရှိနိုင်သည့်အချက်အလက်ကို အများပြည်သူများထံမရောက်စေရန်အတွက် တည်းဖြတ်ထားသည့်အစီရင်ခံစာကိုသာ အများပြည်သူများကကြည့်နိုင်မည်ဖြစ်ပါသည်။
နစ်နာသူများ၏လုံခြုံရေးသည် ပထမဦးစားပေးဖြစ်သည်ကို သိရှိထားရန် အရေးကြီးပါသည်။ ICC နှင့် သင်၏ပတ်သက်မှုကိုပြောသည့်အခါ ကျေးဇူးပြု၍ ကြိုတင်ကာကွယ်မှုများပြုလုပ်ပါ။ သတိရှိပါ။ မလိုအပ်ပဲ သင့်ကိုသိသွားစေနိုင်ပြီး သင် သို့မဟုတ် အခြားသောသူများကို အန္တရာယ်ဖြစ်စေနိုင်မည့် မည်သည့် အကြောင်းမျိုးကိုမဆို ကျေးဇူးပြု၍ ရှောင်ကြဉ်ပါ။

**ခုံရုံးက ထိုပုံစံများတင်သွင်းသော နစ်နာသူများကို ဆက်သွယ်မှာလား။**

မှတ်ပုံတင်ဌာနသည် တရားသူကြီးများက စုံစမ်းစစ်ဆေးခြင်းအားခွင့်ပြုမပြုကို မီဒီယာမှတဆင့် နစ်နာသူများအား သတင်းပေးမည်ဖြစ်ပါသည်။ ထို့အပြင် နစ်နာသူများအား ၄င်းတို့၏ပုံစံများပေးပို့ရာတွင် ကူညီပေးခဲ့သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကိုလည်း ဆက်သွယ်ပြီး သတင်းပေးမည်ဖြစ်ပါသည်။

## ဘာတွေဆက်ဖြစ်မှာလဲ။

ICC တရားသူကြီးများသည် နစ်နာသူများ၏ အမြင်များနှင့် စိုးရိမ်ပူပန်မှုများကို စဥ်းစားမည်ဖြစ်ပြီး နစ်နာသူများက ၄င်းတို့ဆီသို့ပေးပို့ထားသည်များနှင့်အတူ အမှုလိုက်ရှေ့နေ၏လျှောက်ထားချက်တို့ အပေါ်ပါ အခြေခံပြီး စုံစမ်းစစ်ဆေးခြင်းအား ခွင့်ပြုသင့်/မသင့်ကို ဆုံးဖြတ်လိမ့်မည် ဖြစ်ပါသည်။
အကယ်၍ တရားသူကြီးများက စုံစမ်းစစ်ဆေးခြင်းကို ခွင့်ပြုလိုက်မည်ဆိုလျှင် သင်သည်အောက်ပါတို့ကို လျှောက်ထားနိုင်ပါသည်။
၁) သင်၏ အမြင်များနှင့် စိုးရိမ်ပူပန်မှုများကို ဥပဒေကိုယ်စားလှယ်မှတဆင့် တင်ပြခြင်းဖြင့် ပုဂ္ဂိုလ်တစ်ယောက် သို့မဟုတ် တစ်ယောက်ထက်ပိုသောသူများအား တရားစွဲဆိုစစ်ဆေးစီရင်ခြင်းများတွင် ပါဝင်နိုင်ရန်အတွက်။

၂) အကယ်၍ တရားစွဲဆိုစစ်ဆေးစီရင်ခြင်းများမှ စွပ်စွဲခံရသူ(များ)အားပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ချက်သို့ ဦးတည်လာလျှင် ကျေရာကြေကြောင်းပြန်လည်ပေးဆပ်ခြင်းများအတွက်။
အကယ်၍ တရားသူကြီးများသည် စုံစမ်းစစ်ဆေးခြင်းကို ခွင့်မပြုခဲ့ပါလျှင် ထိုဆုံးဖြတ်ချက်ကို ရှေ့နေမှတဆင့် အယူခံဝင်နိုင်ပါသည်။
မေးခွန်းတစ်စုံတစ်ရာရှိပါက VPRS.Information@icc-cpi.int မှတဆင့် ကျေးဇူးပြု၍ ဆက်သွယ်ပါ။

## ICC မည်သည့်အချိန်တွင် စုံစမ်းစစ်ဆေးခြင်း နှင့် စွဲချက်တင်ခြင်းများ ပြုလုပ်နိုင်မည်နည်း။

ICCသည် အများအားဖြင့် အောက်ပါအချက်များနှင့်ကိုက်ညီသော စစ်ရာဇဝတ်မှုများ(war crimes)၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ(crimes against humanity) နှင့် လူမျိုးတုံးသတ်ဖြတ်မှု(genocide) တို့ကို စုံစမ်းစစ်ဆေးပြီး စွဲချက်တင်နိုင်ပါသည်။

- ဇူလိုင်လ ၁ရက် ၂၀၀၂ ခုနှစ်နောက်ပိုင်း တွင်ကျူးလွန်ခြင်းဖြစ်လျှင် နှင့်
- အဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသား မှ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံ၏ ပိုင်နက်အတွင်းတွင် ကျူးလွန်ခြင်းဖြစ်လျှင် သို့မဟုတ်
- ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အခြေအနေတစ်ခုကို ခုံရုံးသို့လွှဲပြောင်းပေးအပ်လျှင် သို့မဟုတ်
- အဖွဲ့ဝင်မဟုတ်သောနိုင်ငံမှ ခုံရုံး၏တရားစီရင်ပိုင်ခွင့်ကို အထူးသီးသန့်(ad hoc)အနေဖြင့် လက်ခံလျှင်

ICC သည် ဇူလိုင်လ ၁၇ရက် ၂၀၁၈ခုနှစ် တွင်စတင်ပြဌာန်းထားသော အခြားနိုင်ငံတစ်ခု၏ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲမှုနှင့် လွတ်လပ်ခြင်းကို အင်အားသုံး၍ကျူးကျော်သောရာဇဝတ်မှု (crime of aggression) ကိုလည်း တရားစီရင်ပိုင်ခွင့်ရှိပါသည်။ ထိုရာဇဝတ်မှု၏ကိုယ်ပိုင် အထူးတရားစီရင်ပိုင်ခွင့်ဆိုင်ရာ လိုအပ်သောအချက်များ(အထက်တွင်ဖော်ပြထားသည့်အတိုင်း) ရှိပါသည်။ ICC ကို နောက်ဆုံးအားထားရာခုံရုံး အဖြစ် ရည်ရွယ်ထားပါသည်။ ထိုရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးပြီး စွဲချက်တင်ရန် အဓိကတာဝန်ယူထားသော နိုင်ငံအဆင့်ရာဇဝတ်မှုဆိုင်ရာတရားရေးစနစ်များကို အစားထိုးရန်မဟုတ်ပါ။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံမှ လုပ်ဆောင်ရန်ဆန္ဒမရှိ သို့မဟုတ် မလုပ်နိုင် မှသာ

ခုံရုံးက ကြားဝင်မည် ဖြစ်ပါသည်။ ထိုအချက်ကို ရောမဥပဒေ ပုဒ်မ ၁၇ တွင် တိကျပြတ်သားစွာ ပြဌာန်းထားပါသည်။

**ICC မှ မည်သူတို့ကို စွဲချက်တင်နိုင်ပါသလဲ။**

ICC သည် လူပုဂ္ဂိုလ်များကို ရုံးတင်စစ်ဆေးပါသည်။ အဖွဲ့ဝင်နိုင်ငံများ၊ အဖွဲ့အစည်းများ သို့မဟုတ် အစိုးရများကို မဟုတ်ပါ။ ICC သည် စွပ်စွဲထားသော ရာဇဝတ်မှုကျူးလွန်သည့်အချိန်တွင် အသက် ၁၈ နှစ်အောက်ဖြစ်နေသောသူများအား တရားစွဲဆိုခြင်းမပြုပါ။

ICC သည် အပေါ်တွင်ဖော်ပြထားသော ရာဇဝတ်မှုများကို ကျူးလွန်သူတိုင်းအား တရားစွဲဆိုလိမ့်မည် မဟုတ်ပါ။ စုံစမ်းစစ်ဆေးနေသော မည်သည့်အခြေအနေမျိုးတွင်မဆို ကျူးလွန်ထားသောထိုရာဇဝတ်မှုများ အတွက် တာဝန်အရှိဆုံးသောလူပုဂ္ဂိုလ်များကို အဓိကအာရုံထားရန်မှာ ICC အမှုလိုက်ရှေ့နေ၏ မူဝါဒ ဖြစ်ပါသည်။

သူ သို့မဟုတ် သူမ၏ ရာထူးဂုဏ်ဒြပ်ကြောင့် ကင်းလွတ်ခွင့်ရသူဆိုသည်မှာ ICC ရှေ့မှောက်တွင် တစ်ဦးတစ်ယောက်မျှ မရှိပါ။ ထို့ကြောင့် သမ္မတများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအရာရှိများ နှင့် ပုန်ကန်လှုပ်ရှားမှုများ၏ ခေါင်းဆောင်များ အားလုံးကို ICC ရှေ့မှောက်တွင် တရားစွဲဆိုနိုင်ပါသည်။ တစ်စုံတစ်ရာသောအခြေအနေများတွင် အခွင့်အာဏာရှိသူတစ်ယောက်သည် သူ သို့မဟုတ် သူမ၏ အမိန့် သို့မဟုတ် ကြီးကြပ်မှုအောက်တွင် အလုပ်လုပ်နေသောသူများက ကျူးလွန်ထားသော ရာဇဝတ်မှုများ အတွက် တာဝန်ခံရနိုင်ပါသည်။ အလားတူပင် ၎င်းတို့၏အထက်လူကြီးများ၏ အမိန့်အရ ရောမဥပဒေမှ ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သောသူများသည် ICC ရှေ့မှောက်တွင် တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်မည် မဟုတ်ပါ။

**ICC ၏ တရားစွဲဆိုစစ်ဆေးစီရင်ခြင်း အဆင့်များမှာ အဘယ်နည်း။**

ICC ရှေ့မှောက်တွင် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုစစ်ဆေးစီရင်ခြင်း၏ ရည်ရွယ်ချက်မှာ ပြင်းထန်သောရာဇဝတ်မှုများအား စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးခြင်း၊ စွဲချက်တင်ခြင်း နှင့် အကယ်၍ စွပ်စွဲခံရသူသည် အပြစ်ရှိသည်ဟု သက်သေပြနိုင်ပါက ရောမဥပဒေအရ အပြစ်ပေးခြင်း တို့ကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။ ICC တရားစွဲဆိုစစ်ဆေးစီရင်ခြင်းတွင် အဆင့်များစွာ ပါဝင်ပါသည်။

**ကြိုတင်စစ်ဆေးခြင်း အဆင့်(Preliminary Examination Stage) -** ဤအဆင့်သည် ICC အမှုလိုက်ရှေ့နေမှ ခုံရုံး၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ ရာဇဝတ်မှုများဖြစ်ပွားနိုင်ခဲ့သော အခြေအနေတစ်ခုအား စုံစမ်းစစ်ဆေးရန် သင့်မသင့် ဆုံးဖြတ်ခြင်းကို အဓိကထားပါသည်။

**စုံစမ်းစစ်ဆေးခြင်းအဆင့်(Investigation Stage) -** ကြိုတင်စစ်ဆေးခြင်းပြုလုပ်ပြီးနောက် သက်သေများစုဆောင်းရန် နှင့် မည်သည့်ရာဇဝတ်မှုများဖြစ်ပွားခဲ့ပြီး မည်သူကတာဝန်ရှိသည်ကို သိရှိရန်အတွက် စုံစမ်းစစ်ဆေးခြင်းကို တရားဝင်စတင်ရန် အမှုလိုက်ရှေ့နေမှ ဆုံးဖြတ်လိုက်သောအခါ ဤအဆင့် စတင်ပါသည်။

**တရားစီရင်မှုမတိုင်မီအကြိုပြင်ဆင်ရေးအဆင့်(Pre-trial Stage) -** ဤအဆင့်သည် လူတစ်ယောက် သို့မဟုတ် လူအမြောက်အများ ကို တရားစီရင်မှုမတိုင်မီအကြိုပြင်ဆင်ရေး ခုံအဖွဲ့ (Pre-Trial Chamber) ရှေ့မှောက်သို့လာရောက်ရန် ဖမ်းဝရမ်း သို့မဟုတ် အမိန့်စာ ထုတ်သင့်မထုတ်သင့် နှင့် လူတစ်ယောက်အဖမ်းခံရပြီး ခုံအဖွဲ့၏တရားသူကြီးများရှေ့မှောက်သို့ ရောက်ရှိသည့်အခါ အမှုလိုက်ရှေ့နေ မှတင်သွင်းထားသော စွဲချက်များအား အတည်ပြုသင့်မပြုသင့် တို့ကို ခုံရုံးမှ ဆုံးဖြတ်ချက်ချသည့် ကာလအပိုင်းအခြား ဖြစ်ပါသည်။

**တရားရုံးတွင်အမှုရင်ဆိုင်ခြင်းအဆင့်(Trial Stage) -** ဤအဆင့်တွင် ICC ၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ ရာဇဝတ်မှုများကိုကျူးလွန်သည်ဟု စွပ်စွဲခံထားရသောသူများ၏ တရားရုံးတွင်အမှုရင်ဆိုင်ခြင်း ပါဝင်သည်။ အဆုံးသတ်တွင် စွပ်စွဲခံရသူသည် အပြစ်ရှိသည်ကိုတွေ့ပြီး ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် စွပ်စွဲခံရသူ၏အပြစ်အပေါ်ရှိအကျိုးအကြောင်းသင့်သောသံသယကို ကျော်လွန်၍လက်ခံယုံကြည်နိုင်ခြင်း မရှိသော တရားသူကြီးများရှေ့မှောက်သို့တင်သွင်းသည့်သက်သေကို အခြေခံထားပြီး စွပ်စွဲခံရသူ တရားသေလွတ်သွားခြင်း တို့ဖြစ်နိုင်ပါသည်။

**အယူခံဝင်ခြင်းအဆင့်(Appeal Stage) -** အကယ်၍ တရားပြိုင်ဘက်များက အမှုရင်ဆိုင်ခြင်း၏ ရလဒ်ကို စောဒကတက်လျှင် ယခုအဆင့်သည် နောက်ဆုံးစီရင်ချက်ကိုပေးသောအဆင့် ဖြစ်ပါသည်။ တရားစီရင်ရေးခုံအဖွဲ့(Trial Chamber)မှ ထုတ်ပြန်ထားသော ပြစ်ဒဏ်ချမှတ်ချက် သို့မဟုတ် တရားသေလွှတ်ခြင်းကို အယူခံဝင်ရေးခုံအဖွဲ့(Appeals Chamber)မှ ပယ်ဖျက်၍ စီရင်ချက် အသစ်ချမှတ်နိုင်ခြင်း ဖြစ်နိုင်ချေရှိပါသည်။ ဥပမာဆိုရလျှင် အကယ်၍ အယူခံဝင်ရေးခုံအဖွဲ့ တရားသူကြီးများက တရားစီရင်ရေးခုံအဖွဲ့တရားသူကြီးများသည် ဥပဒေကိုလွဲမှားအသုံးချခဲ့သည် သို့မဟုတ် ပြင်းထန်သောအချက်အလက်ဆိုင်ရာအမှားများပြုလုပ်ခဲ့သည် ဟုဆုံးဖြတ်လျှင် ထိုကဲ့သို့ဖြစ်နိုင်ချေ ရှိပါသည်။။

**ကျေရာကျေကြောင်းပြန်လည်ပေးဆပ်ခြင်းအဆင့်(Reparations Stage) -** ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်သည့် အခြေအနေတွင် တရားစီရင်ရေးခုံအဖွဲ့သည် ပြစ်ဒဏ်ချမှတ်ခံရသူမှနစ်နာသူများသို့ **ကျေရာကျေကြောင်း ပြန်လည်ပေးဆပ်ခြင်းအတွက်အမိန့်စာ** ထုတ်ပြန်နိုင်ပါသည်။ အကယ်၍ ပြစ်ဒဏ်ချမှတ်ခံရသူသည် ("ဆင်းရဲမွဲတေသော") ကျေရာကျေကြောင်းပြန်လည်ပေးဆပ်ခြင်းများကို မည်သည့်နည်းနှင့်မျှ မတတ်နိုင်သောသူဖြစ်လျှင် နစ်နာသူများကိုနစ်နာကြေးပုံစံတစ်မျိုးမျိုး ရစေခြင်းငှာ နစ်နာသူများအတွက်ရံပုံငွေ(Trusted Fund for Victims)သည် ကျေရာကျေကြောင်းပြန်လည်ပေးဆပ်ခြင်း အတွက်အမိန့်စာကို ဖြည့်ဆည်းပေးရန်တောင်းဆိုခံရနိုင်ပါသည်။
ဤအဆင့်တွင် အမိန့်ထုတ်ထားသော ကျေရာကျေကြောင်းပြန်လည်ပေးဆပ်ခြင်းအမျိုးအစား (တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် အုပ်စုလိုက်) ပေါ်မူတည်၍ ကျေရာကျေကြောင်းပြန်လည် ပေးဆပ်ခြင်း၏ တရားဝင်အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း ခုံအဖွဲ့သို့ သက်သေအထောက်အထားပြရန် အတွက် နစ်နာသူများသည် ဆင့်ခေါ်ခြင်းကိုခံရနိုင်ပါသည်။ ပြစ်ဒဏ်ချမှတ်ခံရသူသည် ပြစ်ဒဏ်ချမှတ်ခံရချိန်တွင် ဆင်းရဲမွဲတေနေသော်လည်း သက်တမ်းနောက်ပိုင်းမည်သည့်အချိန်တွင်မဆို မဆင်းရဲတော့လျှင် နစ်နာသူများအတွက်ရံပုံငွေထံသို့ စိုက်ထုတ်ငွေကိုပြန်လည်ပေးရန် တောင်းဆိုခံရမည်ဖြစ်သည်။
ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုစစ်ဆေးစီရင်ခြင်းသည် နောက်ဆုံးအဆင့်ရောက်ရှိဖို့ အချိန်ယူရသည်ကို ထည့်သွင်းစဉ်းစားထားရန် အရေးကြီးပါသည်။